**KARENNI NATIONAL WOMEN ORGANIZATION**

ကရင်နီအမျိုးသမီးအစည်းအရုံးတည်ထောင်ခြင်း (၂၈) နှစ်ပြည့် အခမ်းအနားမှထုတ်ပြန်ကြေညာချက်

ရက်စွဲ ၂၀၂၁ ခုနှစ် မတ်လ (၁၀) ရက်

ကရင်နီအမျိုးသမီးအစည်းအရုံးသည် ထိုင်း-မြန်မာနယ်စပ် ကရင်နီဒုက္ခသည်စခန်းနှင့် ကရင်နီ (ကယား) ပြည်နယ်ရှိ အမျိုးသမီးနှင့် ကလေးငယ်များ၏ ကိုယ်ပိုင်ရွေးချယ်ခွင့်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတွင် တန်းတူအခွင့်အရေးအပြည့်အဝ ခံစားရရှိပြီး နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုများမှ လွတ်မြောက်စေရေးအတွက် ရည်ရွယ်ပြီး ၁၉၉၃ ခုနှစ် မတ်လ (၁၀) ရက်နေ့ တွင် ကရင်နီဒုက္ခသည်စခန်းတွင် စတင်တည်ထောင်ခဲ့ပါသည်။

စတင်တည်ထောင်ပြီး (၂၈) နှစ်တာကာလအတွင်း မိမိတို့ပြည်နယ်နှင့် ထိုက်းမန်မာနယ်စပ်ရှိဒုက္ခသည်စခန်းရှိ အမျိုးသမီးများ၊ မိန်းကလေးငယ်များနှင့် ကလေးငယ်များ၏ ကာကွယ်စောင့်ရှောက်ရေး စွမ်ရည်မြင့်တင်ရေး ငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊ လိင်ကွဲပြားမှုကြောင့် ဖြစ်ပေါ်လာသောအကြမ်းဖက်မှုများတွင် နစ်နာသူများ၊ ရှင်သန်ကျန်ရစ်သောသူများအတွက် တရားမျှတရေးနှင့် ပြန်လည်ထူထောင်ရေးတို့အတွက် အစဥ်တစိုက်လုပ်ဆောင်လာခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။ ထို့ပြင် ကရင်နီအမျိုးသမီးအစည်းအရုံးသည် ကရင်နီပြည်နယ်အတွင်းရှိ အမျိုးသမီးများအပေါ် စစ်တပ်မှ ကျူးလွန်သောအကြမ်းဖက်မှုများကို မှတ်တမ်းတင်လျက်ရှိပြီး စစ်တပ်မှကျူးလွန်သော လူ့အခွင့်အရေးချိုးဖောက်မှုများ၊ နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုများသည် အပြစ်ပေးအရေးယူမှုမှကင်းလွတ်ခွင့်ရရှိနေပြီး အကြမ်းဖက်ခံရသူများ၊ ရှင်သန်လွတ်မြောက်သူများအတွက် တရားမျှတမှုများယနေ့အထိ မရရှိသေးပေ။

ထို့ပြင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့ စစ်တပ်မှ မတရားစစ်အာဏာသိမ်းမှုပြီးနောက် လက်ရှိအခြေအနေတွင် ကရင်နီပြည်နယ် မြို့ပြ ကျေးလက်ဒေသများမှ အမျိုးသမီးများ၊ မိန်းကလေးငယ်များနှင့် ကလေးငယ်များသည် နေ့စဥ်ရက်ဆက် မလုံခြုံမှုများကို ခံစားနေရပါသည်။ အာဏာသိမ်းစစ်ကောင်စီမှ တနိုင်ငံလုံးရှိလက်နက်မဲ့ပြည်သူများအပေါ် အကြမ်းဖက်နှိပ်စက်မှုများ၊ ကာယိအိန္ဒြေပျက်ပြားစေခြင်းများနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို ယုတ်မာရိုင်းစိုင်းစွာကျူးလွန်နေသည့်အပြင် မိမိတို့ ကရင်နီပြည်နယ်အတွင်းတွင် ငြိမ်းချမ်းစွာစုဝေးဆန္ဒပြနေသော အမျိုးသမီးထုနှင့် လူငယ်ထုများအပါအဝင် ပြည်သူများအပေါ်

အကြမ်းဖက်ဖြိုခွင်းမှုများဆက်တိုက်ပြုလုပ်လျက်ရှိသည်ကို မိမိတို့ ကရင်နီအမျိုးသမီးအစည်းအရုံးမှ ရွံ့ရှာစက်ဆုပ်စွာ ရှုံ့ချပါသည်။

မိမိတို့ ကရင်နီအမျိုးသမီးအစည်းအရုံးတည်ထောင်ခြင်း (၂၈) နှစ်ပြည့်သောအခါသမယတွင် ကရင်နီပြည်နယ်နှင့် တနိုင်ငံလုံးမှ ပြည်သူများနှင့်အတူ

(၁) အာဏာရှင်စနစ် အမြစ်ပြတ်ချေမှုန်းရေး

(၂) ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေ ဖျက်သိမ်းရေး

(၃) ဖက်ဒရယ်ဒီမိုကရေစီစနစ် ဖော်ဆောင်ရေး

(၄) မတရားဖမ်းဆီးခံ နိုင်ငံရေးအကျဉ်းသားများအားလုံးလွှတ်ပေးရေး စသည့်ရပ်တည်ချက်အတိုင်း ရပ်တည်ပြီး အာဏာရှင်စနစ်ကို အဆုံးတိုင် ဆန့်ကျင်တော်လှန်သွားမည်ဖြစ်ကြောင်း အတိအလင်းကြေညာအပ်ပါသည်။

ဆက်သွယ်ရန်

မော်နိုမြာ +66 9868 916 94

မူရီး +66 9322 600 15